## (၆) ရော်ဘာရွက်ခြောက်/ရွက်ကြွေရောဂါ (Pestalotiopsis Disease)

**ရောဂါဖြစ်စေသောသက်ရှိ -** ***Pestalotiopsis*** **spp.**

**ရောဂါလက္ခဏာများ**

အရွက်၏အပေါ်မျက်နှာပြင်တွင် အညိုရောင်မှ မီးခိုးရောင် ရောဂါကွက်ပြောက်များ စတင်ဖြစ်ပေါ်သည်။ ၎င်းရောဂါကွက်ပြောက်များသည် ပေါင်းစပ်သွားပြီး အရွယ်အစား အားဖြင့် (၀.၅ - ၂.၀ စင်တီမီတာ) ရှိပြီး အဝိုင်းပုံ ဆဲလ်သေကွက်များ ဖြစ်ပေါ်သည်။ ရောဂါတိုက်ခိုက်ခံရ သော အရွက်များ၏ အနားများသည် နောက်ပိုင်းတွင် အဝါရောင်မပြောင်းဘဲသော်လည်း ကောင်း၊ အဝါရောင်ပြောင်းပြီးသော်လည်းကောင်း ဖြစ်သွားပြီး ကြွေကျသွားသည်။ ရောဂါ ကြောင့် အရွက်များလျှင်မြန်စွာကြွေကျသွားပြီး အရွက်များ (Canopy ) လျော့နည်းသွားသည်။ အပင်ကိုင်းများ၊ ရိုးတံများသာ ကျန်ခဲ့ သည်။

ရောဂါလက္ခဏာများနှင့် အရွက်ကြွေခြင်းများသည် များသောအားဖြင့် အရွက်ရင့်များတွင် ပိုပြီးဖြစ်ပေါ်သည်။ ရော်ဘာအပင်ကြီးများမှာ ရောဂါတိုက်ခိုက်မှုကို ပိုမိုခံရနိုင်ပြီး အရွက်များ ၉၀ ရာခိုင်နှုန်းခန့်အထိ အရွက်များကြွေကြပြီး ရော်ဘာစေးအထွက်နှုန်းကိုလည်း ထိခိုက်စေနိုင် သည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- အပင်များအားကောင်းစွာပြုစုပါ။ စိုက်ခင်းအားသန့်ရှင်းအောင်ဆောင်ရွက်ပါ။
- ပျိုးခင်းရှိပျိုးပင်များအားလေဝင်လေထွက်ကောင်းမွန်စေရန် ဆောင်ရွက်ပါ။
- ရော်ဘာပင်များအား စပရင်ကလာ (**[Sprinkler Irrigation]()**) ဖြင့် ရေပေးခြင်း သည် ရောဂါကိုပိုမိုကူးစက်စေသည်။
- နံနက်စောစောပိုင်း ရေသွင်းခြင်းချိန်၌ နှင်းများရှိပါက အရွက်တွင် အစို ဓါတ်ကို များ စေပြီး လေထု စိုထိုင်းဆကိုလည်း များစေသဖြင့် ရောဂါကို ပိုမိုဖြစ်စေသည်။
- ရော်ဘာပင်များအား ထောက်ခံနှုန်းထားများအတိုင်း မြေသြဇာများကို အချိုးညီစွာ သုံးစွဲပါ။ အဟာရဓါတ် ပြည့်ဝစွာမရရှိသော အပင်တွင် ၎င်းရောဂါဖြစ်စေသောမှိုများ ပိုမိုဝင်ရောက် တိုက်ခိုက်ရန် လွယ်ကူစေသည်။
- ရောဂါကျ ရောက်ပါက အောက်ပါမှိုသတ်ဆေးများကို အသုံးပြု ပက်ဖျန်းပါ။ (တူညီသော မှိုသတ်ဆေး တစ်ခုထဲအား ဆက်တိုက်သုံးစွဲခြင်း မပြုသင့်ပါ)
  - Tebuconazole (တက်ဗျူကိုနာဇိုး)
  - Difenoconazole (ဒီဖီနိုကိုနာဇိုး)
  - Propineb (ပရိုပီနက်ဘ်)
  - Chlorothalonil (ကလိုရိုသာလိုနေးလ်)
  - Mancozeb (မန်ကိုဇက်)
  - Hexaconazole (ဟက်ဇာကိုနာဇိုးလ်)